
စုန်းချောင်းတောင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ယင်းမာပင်မြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


စုန်းချောင်းတောင်ကျေးရွာ၊ယင်းမာပင်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်းကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်။)

၂၀၁၉ ခုနှစ်၊ ဇွန် လ

စုန်းချောင်းတောင်ကျေးရွာ အခြေပြမြေပုံ
ယင်းမာပင်မြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

မာတိကာ

၁။ **နိဒါန်း- ကျေးရွာဖွံ့ဖြိုး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်**

(ခ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

၂။ **ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာနှင့် ပထဝီအနေအထား

(ခ) သဘာဝအရင်းအမြစ်

၃။ **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

(ခ) စီးပွားရေးအခြေအနေ

(ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

(ဃ) ကျန်းမာရေးနှင့် **အာဟာရ**

(င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

(စ) ကျား၊မဆိုင်ရာ **ဆက်နွယ်မှု**

၄။ **စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ **စီမံအုပ်ချုပ်မှုစနစ်**

(ခ) **သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော **အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

၅။ **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲရေး**

(က) **ပညာရေးနှင့် ကျန်းမာရေး ပတ်ဝန်းကျင်သန့်ရှင်းရေး**

၆။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ကျော်လွှားရမည့် စိန်ခေါ်မှုများ**

၇။ **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

၈။ **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

၉။ **ဦးစားပေးစီမံချက်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ**

၁၀။ **ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

လူမှုစီးပွားရေးအခြေအနေ

(၁၁) ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

(၁၂) ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

(၁၃) ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

(၁၄) ဇယား ၄ ခေါတ်သတ္တုပစ္စည်းနှင့် အခြားသဘာဝရင်းမြစ်များ

(၁၅) ဇယား ၅ ဥစ္စာဓနအဆင့် အခြေအနေ
(၁၆) ဇယား ၆ ဝမ်းစာဖူလုံမှု
(၁၇) ဇယား ၇ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
(၁၈) ဇယား ၈ ကျေးရွာ၏ ထိခိုက်လွယ်သက်ရောက်လွယ်မှု အခြေအနေ
(၁၉) ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂)-ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(၂၀) ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
(၂၁) ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ
(၂၂) ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
(၂၃) ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းစီရင်ယာ
(၂၄) ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
(၂၅) ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
(၂၆) ဇယား ၁၆ ကျောင်းတက်နှုန်း
(၂၇) ဇယား ၁၇ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
(၂၈) ဇယား ၁၈ အဖြစ်များသော ရောဂါများ
(၂၉) ဇယား ၁၉ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
(၃၀) ဇယား ၂၀ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
(၃၁) ဇယား ၂၁ သောက်သုံးရေ ရရှိနိုင်မှု
(၃၂) ဇယား ၂၂ အိမ်သာအမျိုးအစား
(၃၃) ဇယား ၂၃ ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ
(၃၄) ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ
(၃၅) ဇယား ၂၅ ကျား/မရေးရာ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်မှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေး နှစ်ထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့၏ စုန်းချောင်းတောင် ကျေးရွာ၏ ကျေးရွာသူ/ သား များပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။

ကနဦးအနေဖြင့် စီမံ ကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။

အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာခွဲအုပ်ချုပ်ရေးမှူးနှင့် ယင်းမာပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်အချင်းချင်း တိုင်ပင်ဆွေးနွေးအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ် ဆောင်ရွက်ပေးခဲ့သည့် ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သည့်နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထိုအပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက် လုပ် ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိမည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက် လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု ပေါ်ပေါက်လာမည့် အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုဆောင်းဆောင်ရွက်နိုင်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ယင်းမာပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ယင်းမာပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ ဦးစားပေးလုပ်ငန်းအစီစဉ်များ ဘတ်ဂျက်နှင့် ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြ ထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏

အချက် အလက်များ ပါဝင်ပါသည်။

ဖွန်လ၊ ၂၀၁၉ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စုန်းချောင်းတောင်ကျေးရွာ
ယင်းမာပင်မြို့နယ်

အပိုင်း(က) ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးရုံး၊ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့နေရ သော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေး အပ်ံအပိုးဖြစ်စေသော အချက် များနှင့် အဟန့်အတားဖြစ်သော အချက်များ(၅)နှစ်ကာလအတွင်းတွင် ရရှိအောင်ဆောင်ရွက်လို သည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ စီမံချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ် သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါ သည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီပွားရေးဆိုင်ရာ ဝန်ဆောင်မှု များချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်နှင့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ

အနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ် ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များ သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မီဒီယာများ၊ပြန်ကြား ဆက်သွယ်ရေး နှင့်

ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်း အချက်အလက်များကို ရရှိနိုင်မည်။

(ခ) စီမံကိန်း၏လွှမ်းမိုးသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင် ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေသော ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများ ကို လူထုပါဝင်၍ စုစည်းခြင်း ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိတိ ကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ် တို့ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်အား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီး ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ(က)တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ **စုန်းချောင်းတောင်**ကျေးရွာ ဖြစ်ပါ သည်။ ကျွန်ုပ်တို့၏ကျေးရွာ**သည်** မြေပြန့်ဒေသဖြစ်၍ တောင်ယာ များသာရှိပြီး အဓိက အသက်မွေး ဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းဒေသဖြစ်သောကြောင့် နှစ်စဉ် ရွာသွင်းသော မိုးရေချိန်မှာ(၃၀)မှ (၄၀) လက်မ ကြားရသောဒေသဖြစ်သည်။ ကျေးရွာရှိ စိုက်ပျိုး သီးနှံ များကို မိုးရေဖြင့် အဓိကထား စိုက်ပျိုးကြသည်။။

(ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ ထန်း၊ မန်ကျည်း၊ တမာ၊ ဇီး၊ ကုက္ကိုရှား၊ ထနောင်းနှင့် ဆူးဖြူ

အစရှိ သော
အပင်များပေါက်ရောက်သည်။ စိုက်ပျိုးနိုင်သော လယ်(၄၄၉.၅)ဧက၊ မြေပဲ၊ နှမ်း၊ ပဲစိမ်းငုံ၊ ခရမ်းချဉ်သီး စသည့်တို့ကိုစိုက်ပျိုးကြပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၀၀)ရှိပြီး ကျား(၁၇၈)၊မ(၂၂၂)ဦး စုစုပေါင်း (၄၀၀)ဦး နေထိုင်ကြပါသည်။တစ်အိမ်လျှင် ပျမ်းမျှ(၅)ဦးနှုန်း နေထိုင်ကြပြီး ဗမာလူမျိုးများသာ ဖြစ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူ(၁၅နှစ်မှ၆၀နှစ်) ကျား(၁၃၂)ဦး၊ မ(၁၅၄)ဦးရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာနေလူထုသည် လယ်ယာစိုက်ပျိုးရေး မွေးမြူရေးကို အဓိကလုပ်ကိုင်ပြီး ရွှေ့ပြောင်းသွားလာခြင်းနှင့် ကျပန်းအလုပ်လုပ်ကိုင်ကြသည်။လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် အမြတ်ဝင်ငွေ အသင့် အတင့်သာရရှိသော လုပ်ငန်းဖြစ်သည်။ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူများသည် ဝင်ငွေကောင်း သော သူများသာဖြစ်သည်။ကျေးရွာ၏ချမ်းသာသော အိမ်ထောင်စုများသည် မြေ ၅ဧက အထက်ပိုင်ဆိုင်ပြီး ဆင်းရဲ သောအိမ်ထောင်စုများသည် ၂ဧကအောက် ပိုင်ဆိုင်သူများနှင့် မြေယာမဲ့များပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှု ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားအိမ်ထောင်စု(၃၆၁)စုရှိပြီး အဓိကဝင်ငွေလုပ်ငန်းမှာ ကျပန်း နေ့စားလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်းများသာ လုပ်ကိုင်ကြရသည်။ကျေးရွာတွင် မြေယာမဲ့အိမ် ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊လက်လီ၊ခေါင်းရွက်၊ ပေါင်းနှုတ်၊ပေါင်းပေါက် စသော တစ်နိုင်တစ်ပိုင်လုပ်ငန်းများကိုလည်း ဝင်ရောက်လုပ်ကိုင်ကြရသည်။ ကျေးရွာ၏ ဝမ်းစာဖူလုံမှုကို စစ် တမ်းကောက်လယ်၊ ယာမြေမရှိသော အိမ်ထောင်စု(၃၆၁)စုကို တွေ့ဆုံ မေးမြန်းပြီး စစ်တမ်းကောက်ယူပါ သည်။ ထိုသို့စစ်တမ်းကောက်ယူမှုတွင် အချိန်နှင့်အခြေအနေအရ မပြေလည်လျှင် မပြေလည်သလိုချေးငှား စားသုံး နေကြရပါသည်။

ကျေးရွာသည်မြေပြန့်ဒေသဖြစ်သော်လည်း သစ်တောင်ယ်များရှိသောကြောင့် ချုံပုတ်ပေါများကာ အဆိပ်ပြင်းသော မြွေစသည့်အန္တရာယ်များ စိုးရိမ်ရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာနေလူထုအတွင်းတွင် ဖြစ်ပွားသောရောဂါများမှာ သွေးတိုး၊ရာသီတုတ်ကွေး တို့အဖြစ်များသည်။ရာသီတုတ်ကွေးရောဂါကို ရာသီဦးတုအပြောင်းအလဲတွင် အဖြစ်များသည်။သွေးတိုးရောဂါသည် စားသုံးဆီ မသန့်ရှင်းမှု ၊ စားသောက်ကုန်များတွင် ဓာတုဆေးဝါးများပါရှိနေမှု၊ အင်နဇီတ်များသော အစား အသောက်များကို စားသုံးမှုတို့ကြောင့် ဖြစ်ပွားရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရဦးရေ ကျား(၁၀) မ(၅)ဦးရှိသည်။ ကျေးရွာတွင် အခြေခံပညာကို ကျေးရွာရှိ အလယ်တန်းကျောင်းတွင်

တက်ရောက် သင်ကြား နိုင်သည်။ သို့သော် အသက်မွေးဝမ်းကျောင်းပညာများကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသော်လည်း လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာများ လေ့လာလျက်ရှိပါသည်။ လူငယ်၊လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများသည် နည်းပါးဆဲဖြစ်သည်။

(စ) ကျား၊မဆိုင်ရာဆက်နွယ်မှု

ရပ်ရေးရွာရေးကိစ္စများ၌ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အခွင့်အရေးများ ရရှိသည်။ပညာရေးသင်ကြားမှုနှင့် အလုပ်အကိုင်စသည်တို့တွင် အမျိုးသမီးများနှင့် အမျိုးသားများ ရင်ပေါင်တန်း ဦးဆောင်နေကြသော ခေတ်ဖြစ်ပါသည်။

(ဌ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့များရှိသည်။ မိဘ ဆရာအသင်း အဖွဲ့နှင့် လူငယ်အဖွဲ့ တို့ရှိကြသည်။ ကျေးရွာမိဘ ဆရာအသင်းအဖွဲ့သည် ကျေးရွာမူလတန်းကျောင်းတွင် လိုအပ်သည်များကို ဆရာများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ပြီး ညီညွတ်စွာအမြဲဆောင်ရွက်လျက်ရှိသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ကျေးရွာတွင်စိုက်ပျိုး သောသီးနှံမှာ စပါး၊ ကုလားပဲ၊ နှမ်း၊ စသည်တို့ကိုအဓိက ထားစိုက်ပျိုးကြသည်။ ပျမ်းမျှထွက်နှုန်းမှာ တစ်ဧကလျှင်စပါး (၂၀)တင်း၊ ကုလားပဲ(၁၅)တင်း၊ နှမ်း (၅)တင်းထွက်ရှိပါသည်။ စိုက်ခင်းများတွင် ကျရောက်တတ်သော ဖျက်ပိုးများအတွက် ပိုးသတ်ဆေးနှင့်နှိမ်နင်းရေးနည်းစနစ်များကို တောင်သူများအနေဖြင့် လိုအပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ကျေးရွာမှ လယ်ယာမရှိသော အိမ်ထောင်စုများသည် မိသားစုဝင်ငွေ ရရှိရေးအတွက် စက်ချုပ်ခြင်း၊လက် လီ၊လက်ဖွဲ့ရောင်းဝယ်ခြင်း စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာအတွင်းမှ

စိုက်ပျိုးရေးလုပ်ငန်း များတွင် အငှားလုပ်ကိုင်ခြင်းစသော အငှားဝန်ဆောင်မှုပေး ခြင်းလုပ်ငန်းများကို လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှအချို့အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းများတွင် နေ့စား လုပ်ကိုင်ကြ သည်။လက်လုပ်လက် စားဖြစ်၍စိုက်ပျိုးရေးရာသီချိန်တွင် အလုပ်အကိုင် ပေါများသည်။ လူငယ် အများစု သည်ရန်ကုန်မြို့နှင့် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲရေး

ကျေးရွာတွင် သဘာဝအလျောက်ပေါက်ရောက်သော သစ်ပင်များသည်ထင်း၊ လောင်စာထုတ်ယူခြင်းကြောင့် သစ်တောပြုန်းတီးမှုရင်ဆိုင်နေရသည်။ စိုက်ပျိုးမြေများတွင် ဆည်ရေသောက် ဧကများ ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ကောင်းမွန်ပြီး မြေဆီလွှာပျက်ယွင်းမှုနည်းပါးသည်။

(c) ပညာရေး၊ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာရေးကိုသင်ကြားနိုင်ပြီး မူလတန်းကျောင်းသားဦးရေ(၂၆)ဦးရှိသည်။အလယ်တန်းကျောင်းသားဦးရေ (၂၃)ဦးရှိသည်။ အထက်တန်းကျောင်းသားဦးရေ (၁၇)ဦးရှိ ပြီး၊ ယင်းမာပင်မြို့တွင် တက်ရောက်ပညာသင်ကြားနေကြရသည်။ တက္ကသိုလ်ပညာသင်ကြား နေကြသူ (၆၆)ဦး ရှိပါသည်။ ကျေးရွာမိဘဆရာအသင်းရှိပြီး ကျေးရွာပညာရေး တိုးတက်ရေးအတွက် ကျောင်းအသုံး အဆောင် ပရိဘောဂများ ဖြည့်တင်းပေးခြင်း၊ ကျောင်းဆရာများနေထိုင်ရန် စီမံပေးခြင်းစသော ကိစ္စများကို မိဘဆရာအသင်းမှ ဆောင်ရွက်ပေးသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်ပြီး ဆရာ/ ဆရာမဦးရေနှင့် စာ သင်ကျောင်းဆောင်လုံလောက်မှုမရှိပါ။

ကျေးရွာတွင် ဆေးပေးခန်းရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့်အရေးပေါ် လူနာများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်သကဲ့သို့ ကလေးသူငယ်များအတွက်လည်း ကာကွယ်ဆေးတိုက်ကျွေးခြင်း အစီအစဉ်များရရှိပါသည်။ ကျေးရွာနှင့်မိုင်(၂၆)မိုင်ဝေးသော မုံရွာဆေးရုံကြီးတွင် ဆေးကုသမှုခံယူရပါသည်။ သောက်သုံးရေအတွက် အိမ်ထောင်စုများသည် ကိုယ်ပိုင်အဝီစိတွင်းများမှ ရေကိုသောက်သုံးကြပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးတွင် ညစ်ညမ်းမှုမရှိဟု ပြောရလောက်အောင် သန့်ရှင်းနေပါသည်။

(စ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု (လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

ကျွန်ုပ်တို့ကျေးရွာမှ စီးပွားရေး၊လူမှုရေးအမျိုးမျိုးဖြင့် ဆက်သွယ်သောမြို့မှာ မုံရွာမြို့ဖြစ်ပြီး ချင်းတွင်းတံတားကိုသာ ဖြတ်ကျော်ရပြီး လမ်းတွင်မပြောပလောက်သော တံတားငယ်များရှိသည်။ လျှပ်စစ်မီးလင်းရေးအနေဖြင့်ကျေးရွာတွင်လျှပ်စစ်မီးရရှိရန် တက်ကြွစွာကြိုးပမ်းနေကြဆဲဖြစ်သည်။ ဆက်သွယ်ရေး လိုင်းအနေနှင့်အုပ်စုကျေးရွာတွင် တာဝါတိုင်များတပ်ဆင်ထားသဖြင့် ဆက်သွယ်ရေးလိုင်းကောင်းမွန်ပါသည်။

(ဆ) ရပ်ကွက်အေးချမ်းသာယာနေ့နှင့် လုံခြုံရေး

စုန်းချောင်းတောင်ကျေးရွာသည် တောင်ပုကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး

ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ စီမံအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည်။ လုံခြုံရေးအတွက် ကြီးမားသောရာဇဝတ်မှုများမရှိ အေးချမ်းသာယာလျှက်ရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများ

ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး လယ်ယာမြေများသည် မြေဆီဩဇာကောင်းမွန်သောကြောင့် စပါး၊နှမ်း၊ကုလားပဲစသည့်သီးနှံများ စိုက်ပျိုးနိုင်ကြသည်။မျိုးကောင်း၊ မျိုးသန့်နှင့် ဈေးကွက်သေချာမှုရရှိနိုင်ရန် ယခုထက်ပိုမို၍ အထွက်တိုးနိုင်ရန် အလားအလာကောင်းများရရှိ သည်။

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျွန်ုပ်တို့ကျေးရွာ၏ လက်ရှိမွေးမြူရေးမှာ အိမ်တွင်း ကြက်၊ဝက်၊နွားများသာရှိပြီး စီးပွားရေး အဖြစ်မွေးမြူခြင်းနည်းပါးသည်။လက်ရှိစိုက်ပျိုးမြေဧကမှာ အသင့်ရှိသော်လည်း စိုက်ပျိုးရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှု နည်းပါးသည်။သီးနှံများတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် မျိုးကောင်း မျိုးသန့်ရရှိရေး ဖျက်ပိုး ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ စိုက်ပျိုးရေးစနစ်တကျ နည်းစနစ်များနှင့် ဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။ ကျေးရွာတွင် မူလတန်းကျောင်းဆောင်အသစ် ဆောက်လုပ်ရေး အတွက် ကျေးရွာမှ ကြိုးစားလျက်ရှိပါသည်။နွား၊ဝက်၊ကြက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက် ရန် သက်သာသော အတိုးနှုန်းဖြင့် ရင်းနှီးငွေရရှိ ရန် လိုအပ်နေခြင်းစသော ကျေးရွာ၏ အဓိက ကျော်လွှားရမည့် အဟန့်အတား များဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ စုန်းချောင်းတောင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ အဓိကအားဖြင့် ကလေးလူငယ်များ ပညာသင်ယူအဆင်ပြေ ချောမွေ့စေရန်အတွက်ဖြစ်သည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးရေး အဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲ ကြသောအခါ လူထု ပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင် ရောက်ရှိရေးအကောင် အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

(က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/သားများ ဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအ မြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ကျေးရွာတွင်လမ်းများ ောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့်ကုန်စည်ကူးသန်းသွားလာရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရမည်။

(၂) ကျေးရွာမှ တောင်သူလယ်သမားများသည် သီးနှံမျိုးကောင်းမျိုးသန့်များ ဆောင်ရွက် ခြင်းဖြင့် သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး စီးပွားရေး အဆင့်အတန်း မြင့်မား

လာစေရမည်။

(၃) အတိုးသက်သာစွာဖြင့် ချေးငွေရရှိပြီး မွေးမြူရေးလုပ်ငန်းများတိုးချဲ့ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားတို့၏ ဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့် အတန်း

မြင့်မားလာစေရမည်။

(ခ) နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ကူညီပံ့ပိုးမှုကို ရယူမည်။ ငွေကြေး၊နည်းပညာဝန်ဆောင်မှုစသော အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ချေး ငွေရရှိအောင်ဆောင်ရွက်ပြီး မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်မည်။ ကျေးရွာတွင် အရင်းအနှီးငွေနည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး၊စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းများနှင့် ချေးငွေများ အတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေရရှိနိုင်ရန် အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်း ပညာသင်တန်း၊မွေးမြူရေးနည်းပညာသင်တန်း များတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင် တန်းတက်ရောက်သူများမှရရှိထားသော နည်းပညာ များကို ကျောင်းသူ/သားများအားမျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းခွင်များတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ပဟိုအဆင့်မူဝါဒများအကြောင်း အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရမူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက် များအား နိုင်ငံ တော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ထိုမှတဆင့် ကျွန်ုပ်ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေး နိုင်မည့် အစိုးရဌာန များနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်ုပ်တို့ ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှု များကို ပြန်လည်စိစစ်ခြင်း ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည် သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

စုန်းချောင်းတောင်ကျေးရွာ၏ လိုအပ်ချက်တစ်ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သောချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ကျေးရွာများတွင် ချေးငွေများ

ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံနှင့် ဆောင်းသီးနှံများ အတွက် (ကာလအတိုးချေးငွေ)တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံ စိုက်ပျိုး သူ တောင် သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည်

ကာလရှည်ချေးငွေ များ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာ သူ/ သားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ် ချက်များကို လျော့ချ ပြီး ဒေသလိုအပ်ချက်များနှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

စုန်းချောင်းတောင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ် သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော လုပ်ငန်းများ ရရှိရေး ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။မုံရွာမြို့နှင့်ဝေးကွာသော အားသာချက်ကို အမှီ ပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထိုအပြင် အသက်မွေးဝမ်းကျောင်းဆိုင် နည်းပညာသင်တန်းမျာ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖမ်းတီပေးရုံသာမက ကျေးရွာများ အလိုက်ပြောင်းလဲ လုပ်ကိုင်သောလိုအပ်သော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည် တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များကို စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက် ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ချေးငွေ အစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက် လာစေပါမည်။

(ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်း ဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ချေအထိ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။စီမံကိန်း (၅)နှစ် ကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက် များသည် ဖွံ့ ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရေး ဆွဲထားသည့်ဦးစားပေးစီမံချက်များမှာပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း (၅) နှစ် ကာလအတွင်းဦးစားပေး လုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုရေးနည်းဗျူဟာသည် အနည်းနှင့် အများ ပြောင်းလည်မှုရှိမည် မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်ကာလအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

(၁) **ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း**

ဆောင်ရွက်သည့် စီမံချက်နှင့် စီမံချက် ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍ)စသည်၊(ခ)မည်သည်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) **ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

သာမန်အသုံးစရိတ် (ဥပမာ- လစာ၊နေ့တွက်စရိတ်၊လုပ်ငန်းလည်ပတ်စရိတ်၊ငှားရမ်းခ

- ❋ စသည်များ)
- ❋ ငွေလုံး၊ငွေရင်းအသုံးစရိတ် (ဥပမာ- လစာ၊ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ)
- ❋ စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်(ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်)
- ❋ လူသားချင်းစာနာမှုအထောက်အပံ့

(ခ) **ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအတွက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု(၅)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့်စီမံချက်ကို အမှတ်ပေးကြသည်။ အချို့သော စီမံချက်များ ကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကိုမြို့နယ် အဆင့် အစိုးရဌာန နှင့် အခြား အဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။

(ဂ) **အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလကို နှစ်စဉ်ရေးဆွဲပါမည်။ကျွန်ုပ်တို့ရေးဆွဲသည့်စီမံကိန်းများကို အောက်ပါဇယား တွင်ဖော်ပြထားသည်။

စီမံကိန်း

(၁) စာသင်ကျောင်းဆောင်သစ်ရရှိရေး

(၂)လျှပ်စစ်မီးရရှိရန်

(၃) ရွာတွင်းလမ်းများကို တိုးချဲ့ပြုပြင်ရေးဆောင်ရွက်ရန်

(၉) **ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက်ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားသည်။ ၎င်းထဲတွင် စီမံချက်များ၏ရည်ရွယ်ချက် အကျိုးခံစားရသူဦးရေ၊ အကောင်အထည်ဖော်

ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်း သိမ်းမည့်ဘတ်ဂျတ်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျတ်ငွေကြေးရရှိနိုင်မှုပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည့် ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက် သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျတ်အပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ (၅)နှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီ အစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စုန်းချောင်းတောင်ကျေးရွာ
ယင်းမာပင်မြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	-	၂	၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၈	၁၂	၂၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၁	၁၆	၂၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၅	၂၀	၃၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၂	၁၅၁	၂၈၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၄	၂၁	၃၅
စုစုပေါင်း		**၁၈၀**	**၂၂၂**	**၄၀၂**
စုစုပေါင်း အိမ်ထောင်စု		**၁၀၀**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၀၀) အိမ်ထောင်စုပြီး နို့စို့အရွယ်(၂)ဦး၊ လမ်းမလျှောက်နိုင်သော သက်ကြီးရွယ်အို (၃၅)ဦး ရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁	ကောင်း ☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၂	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၇	ကောင်း ☑	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၉	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၉	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃)

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ ကျေးရွာတွင်ရှိကြသော တောင်သူဦးရေနည်းပါးပြီး ရှိသောတောင်သူအနည်းငယ်မှာ မိုးရာသီတွင် စိုက်ပျိုးနိုင်မှုမရှိ ဆောင်းရာသီတွင် စိုက်ပျိုးမြေများဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ မထွက်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စ	အဖွဲ့အစည်	အမျိုးအစာ	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆော

၌	်း အမည်	်း (မှန်ရာတစ်ခုကိုသာ ရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	င်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၁၂	၁၅	၂၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂		၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ လူမှုရေးအဖွဲ့အစည်းများမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ် ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသောအိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	ဝင်ငွေအလွန်ကောင်း	ဝင်ငွေအသင့်အတင့်	ဝင်ငွေနည်း	ဝင်ငွေအလွန်နည်း
အိမ်ထောင်စု	၁၇	၂၃	၄၁	၄၀

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူဦးရေ နည်းပါး၍ လက်လုပ်လက်စား အလုပ်အကိုင်များ လုပ်ကိုင်စားသောက်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင ်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၆၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား		တောင်သူလတ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၄၀၀	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှု အလွန်နည်းပါးပြီး ကူလီအငှားအရမ်း လုပ်ကိုင်စားသောက်သူများစွာ နေထိုင်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ကြက်သွန်	၁	ဝိဿာ	၂၀၀	၄၀၀	၃၀၀			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
ကုလားပဲ	၁	တင်း	၁၅	၂၅	၂၀			မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အနည်းငယ်တောင်သူများသည် သီးနှံစျေးနှုန်းကောင်းသည်။အကျိုးအမြတ်များရှိ၍ သီးနှံစျေးမကောင်းလျှင် ဆင်းရဲနွမ်းပါးကြပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၁	၂၃
နို့စားနွား		

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ကွဲ		
မြင်း	၂	၂
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂၅	၄၂
ကြက်	၅	၂၄
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်လုပ်လက်စားအလုပ်သမားများ၍ **မွေးမြူမှု အနည်းငယ်သာရှိသည်။**

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
လုပ်သားအင်အား ရရှိနိုင်မှု	**များ** ☐ **အသင့်အတင့်** ☑ **မဖြေဆိုပါ** ☐
လယ်ယာသားငါး ထွက်ကုန်မဟုတ် သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်ရှိခြင်း	**စျေးကွက်ကောင်းရှိသည်** ☐ **စျေးကွက်အသင့်အတင့်** ☑ **မဖြေဆိုပါ** ☐
စျေးကွက်ဆိုင်ရာ	**စျေးကွက်အခြေအနေကို ကောင်းစွာနားလည်**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
အသိအမြင်ရှိခြင်း	**သိရှိသည်** ☐ **အသင့်အတင့် နားလည်သည်** ☑ **မဖြေဆိုပါ** ☐
လမ်းပန်းဆက်သွယ်ရေးအေ ြေအနေ	**ကောင်း** ☐ **သင့်** ☑ **မဖြေဆိုပါ** ☐
ကုန်ကြမ်း ရရှိနိုင်ခြင်း	**ပေါများ** ☐ **သင့်** ☐ **မဖြေဆိုပါ** ☐
လျှပ်စစ်မီး ရရှိနိုင်ခြင်း	**ကောင်း** ☐ **သင့်** ☑ **မဖြေဆိုပါ** ☐
ချေးငွေ ရရှိနိုင်ခြင်း	**လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်** ☐ **ချေးငွေရနိုင်သည်**☐ **မဖြေဆိုပါ**☐
အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း	**နည်းပညာနှင့်** အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ **ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။** ☐ **နည်းပညာနှင့်** အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ **ဝန်ဆောင်မှုများ ရနိုင်သည်။** ☐ **မဖြေဆိုပါ** ☐
အလုပ်နှင့် လိုက်လျောညီထွေဖြစ် သော (သို့မဟုတ်) အသက်မွေးဝမ်း ကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း	**ကျွမ်းကျင်စွာ တတ်မြောက်သည်** ☐ **အသင့်အတင့်** ☑ **မဖြေဆိုပါ**☐
အလုပ်အကိုင် အခွင့်အလမ်း	**များ** ☐ **အသင့်အတင့်** ☑ **မဖြေဆိုပါ** ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလူများသည် စျေးကွက်ဆိုင်ရာအခြေအနေ များကို အသင့်အတင့် နားလည်ကြပါသည်။

(ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	အောင်ဇေယျမြို့သစ်ဈေး	
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☑ ၁၀၀မိုင် အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည်☐ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐	စားသောက်ကုန် (ကုန်စိမ်း၊ ကုန် ခြောက်) ☐မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည☐ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☑
ဈေးအခြေခံအဆောက်အဦ	ကောင်း☐ သင့်☐ ညံ့☑	ကောင်း☑ သင့်☐ ညံ့☐
ဝန်ဆောင်မှု	ကောင်း☐ သင့်☑ ညံ့☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အနီးဆုံးဈေးကို ကုန်စိမ်းဝယ်ယူရန်အတွက် ဆိုင်ကယ်နှင့် သွား၍ အကြီးစားဈေးကွက်ကို ပစ္စည်းစုံဝယ်ယူရန်အတွက် ကားများဖြင့်သာ သွားကြသည်။

(၄) အခြေခံ အဆောက်အဦများ အခြေအနေ

(၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည် အသွေး	တည်ဆော က် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑ ၂☐ ၃☐ ၅☐	ကောင်း ☐ သင့် ☑ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑	ပွင့်လင်း ရာသီ ☐တစ်နှစ်ပ တ်လုံး☑	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထ က်☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၅☐	ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ် လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထ က်☐
ရွာချင်းဆက်လ မ်း	၁☑ ၂☐ ၃☐ ၅☐	ကောင်း ☐ သင့် ☑ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☑ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ် လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထ က်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကတ္တရာလမ်းနှင့် ရွာချင်းဆက်လမ်းရှိ၍ သွားလာရာတွင် အဆင်ပြေစေပါသည်။ သို့ရာတွင် ကျေးရွာတွင်းလမ်းရှိလမ်းများမှာ မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် ဆိုးသွမ်းသော ပွက်များထူထပ်စွာရှိပါသည်။

(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) **ရေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ ပင်လယ်မြစ်ကြောင်း မရှိသောကြောင့် ရေကြောင်းသယ်ယူ ပို့ဆောင်ရေး အသုံးမပြုပါ။

(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၁၅	၁၀၃		၉	၆		၄

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလာသည်နှင့် အမျှ နွား/လှည်းများ အသုံးပြုမှု နည်းလာသည်ကို တွေ့ရသည်။

(၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်	အခက်အခဲ
မဟာဓာတ်အားလိုင်း	၄၁	ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐	ရှိ ☐ မရှိ☐
ဆိုလာစနစ်	၁၅	ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐	ရှိ ☑ မရှိ☐
အသေးစားရေအားလျှပ်စစ်		ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐	ရှိ ☐ မရှိ☐
ဒီဇယ်သုံးအင်ဂျင်	၁၂	ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐	ရှိ ☑ မရှိ☐
လေစွမ်းအင်		ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐	ရှိ ☐ မရှိ☐
ဇီဝလောင်စာ		ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐	ရှိ ☐ မရှိ☐
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်		ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐	ရှိ ☐ မရှိ☐
လျှပ်စစ်မီး အသုံးမပြုနိုင်သော		☒	☒

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လျှပ်စစ်မီးရရှိခြင်းကြောင့် နေရေးထိုင်ရေး အဆင်ပြေပါသည်။

(ခ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း
အရေအတွက်	၁၃၅	၁၅	၅၅	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ ဖုန်း/ရေဒီယို/တီဗွီ ဂြိုတုစလောင်းများပေါများစွာ ရှိနေခြင်းသည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်ကြောင်း တွေ့ရသည်။

(ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

စဉ်	ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
၁	မူလတန်း	၁၃	၁၃	၂၆

စဉ်	ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
၂	အလယ်တန်း	၁၀	၁၃	၂၃
၃	အထက်တန်း	၆	၁၁	၁၇
၄	တက္ကသိုလ်/ကောလိပ်	၂၉	၃၇	၆၆

ရင်းမြစ်... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စာသင်ကျောင်းနီးကပ်စွာရှိခြင်းကြောင့် ပညာသင်ကြားရာတွင် အဆင်ပြေပါသည်။

(ဆ-၃) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

စဉ်	အကြောင်းအရာ	(၁)			(၂)			(၃)		
၁	ကျောင်းအဆင့်							အထက်တန်း		
၂	ရွာမှအကွာအဝေး(မိုင်)	ရွာတွင်း			ရွာတွင်း			**၀ မှ ၁မိုင်**		
၃	သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်၊စက်ဘီး			ခြေလျင်၊စက်ဘီး			-		
၄	စာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်းဧရိယာ(စတု ရန်းပေ)	-						-		
၅	အမိုး၊နံရံ၊အခင်းအရည်အသွေး	သင့်			သင့်			သင့်		
၆	ကျောင်းသုံးပရိဘောဂလုံလောက်မှု	မလုံလောက်ပါ			မလုံလောက်ပါ			-		
၇	ကျောင်းအိမ်သာအခြေအနေ	ကောင်း			ကောင်း			ကောင်း		
၈	ကျောင်းအာဟာရတိုက်ကျွေးမှု	-			-			-		
၉	ကျောင်းဆရာ/မဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
၁၀	အစိုးရခန့်	၁၂	၂၁	၃၃				-	-	-
၁၁	ကျေးရွာခန့်	၃	၇	၁၀	-	-	-	-	-	-

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိ၍ အနီးရှိကျောင်းတွင် ပညာသင်ကြားရပါသည်။

(ဇ) ကျန်းမာရေးနှင့်အာဟာရ

(ဇ-၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသောရောဂါများ

စဉ်	ရောဂါ	ပျံ့နှံ့မှု /ဖြစ်ပွားမှု (မြင့်၊လတ်၊နိမ့်)
၁	ဝမ်းပျက်ဝမ်းလျှောဝ	နိမ့်
၂	သွေးလွန်တုပ်ကွေး	နိမ့်
၃	ငှက်ဖျား	နိမ့်
၄	အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ	မရှိ
၅	HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ	မရှိ
၆	တီဘီ	နိမ့်
၇	ဆီးချို	နိမ့်
၈	သွေးတိုး	မြင့်
၉	အသည်းရောဂါ (ဘီ၊စီ)	နိမ့်
၁၀	အာဟာရချို့တဲ့မှု	နိမ့်
၁၁	အခြားကူးစက်နိုင်သောရောဂါများ	နိမ့်

ရင်းမြစ်... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးလက်ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့်(၅)နှစ်အောက် ကလေးငယ်များအား လစဉ်ဆေးဝါးကုသမှုပေးခြင်းနှင့်အသိပညာပေးဟောပြောပေးခြင်းနှင့် ပြုစုစောင့်ရှောက် ပေးလျှက်ရှိခြင်း

(ဇ-၂) လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း(ရှိ၊မရှိအမှန်ခြစ်ရန်)**	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ	-	
၂	ဆုံဆို့၊ကြွက်ညှာ၊မေးခိုင်နှင့်အသည်းရောင်အသားဝါ		
၃	ပိုလီယိုရောဂါ		
၄	မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း)		
၅	ဝက်သက်ရောဂါ		
၆	အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှု		
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်)		

၈	အာဟာရပညာပေးအစီအစဉ်		

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကာကွယ်ဆေးဆရာဆရာမများရောက်ရှိပါက ကုသမှုခံယူရန်နှင့် မပျက်မကွက် ပြုစုစောင့်ရှောက်လျှက်ရှိပါသည်

(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

၈ယား (၂၀) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

စဉ်	ကျန်းမာရေးဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
၁	ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ)ဆေးပေးခန်း(	၀မှ၁ မိုင်	ရှိ
၂	တိုက်နယ်ဆေးရုံ	၁၀ မိုင်အထက်	ရှိ
၃	မြို့နယ်ဆေးရုံ	၁၀မိုင်အထက်	ရှိ
၄	ဆေးဆိုင်	ရွာတွင်း(သို့)ရွာအနီးအနားတွင် ဆေးဆိုင်ရှိသည်။	ဆေးဆိုင်တွင်ဆေးဝါးများကို စနစ်တကျသိုလှောင်ထားသည်။

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၂)ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ အနီးတွင်ရှိသော ဆေးပေးခန်းနှင့်(၁၀)မိုင်ခန့်ဝေးသော မုံရွာဆေးရုံကြီးသို့ သွားရောက်ကုသရပါသည်။

(၈) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(၈-၁) သောက်သုံးရေရရှိမှု

၈ယား (၂၁) သောက်သုံးရေရရှိနိုင်မှု

စဉ်	ရေရရှိမှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားရှိမှု	ရေအရည်အသွေး	သောက်သုံးရေရရှိနိုင်မှုနှင့် လုံလောက်မှုအခြေအနေ
၁	ရေတွင်း	၆၂	ရှိ		ရှိ
၂	အဝီစိတွင်း/စက်		ရှိ		ရှိ

	တပ်				
၃	အဝီစိတွင်း/တုံကင်		ရှိ		ရှိ
၅	မိုးရေ သိုလှောင်ကန်		-	-	-
၆	မြစ်/ချောင်းရေ	-	-	-	-
၇	ရေကန်	၂	-	-	-
၈	စိမ့်စမ်းရေ	-	-	-	-

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊

(၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။

ကျေးရွာနှင့်ပတ်ဝန်းကျင်တဝိုက်တွင်သောက်သုံးရေအရည်အသွေးစမ်းသပ် စစ်ဆေးထားမှု စနစ်တကျရှိပြီး ရေလုံလောက်မှုရှိသည်ကိုတွေ့ရပါသည်။

(စု-၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့်အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာအမျိုးအစား

စဉ်	သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သောအိမ်ထောင်စု
	သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှု	
၁	ရေဆွဲအိမ်သာ	
၂	ရေလောင်း/ယင်လုံအိမ်သာ	၉၂
	မသန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှု	
၃	တွင်း/ဇလားအိမ်သာ	
၄	တွင်းမရှိအိမ်သာ	
၅	အိမ်သာမရှိ	၈

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုအများစုမှာယင်လုံရေလောင်းအိမ်သာများရှိနေခြင်းကြောင့် အမြင့်ဆုံးဟုမဆိုနိုင်သော်လည်းအလယ်အလယ်ရှိသည်ကိုတွေ့ရ

(၁-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၂၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မြင့်၊လတ်၊နိမ့်၊မရှိ)
၁	စားနပ်ရိက္ခာမဖူလုံမှု	**လတ်**
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	**လတ်**
၃	ရေကြီးခြင်း	**မရှိ**
၄	မိုးခေါင်ခြင်း	လတ်
၅	အအေးလွန်ကဲခြင်း	လတ်
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	**လတ်**
စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	မရှိ
၁၂	ငှက်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	နိမ့်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်းပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	နိမ့်
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	လတ်

ရင်းမြစ်။....ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သစ်တောပြုန်းတီးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊မိုးခေါင်ခြင်းတွေကို ထိခိုက်မှု အလယ်အလတ်တွင်ဖြစ်စေနိုင်မှုရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

(စ) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှု

(စ-၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား(၂၄) ဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

စဉ်	အခက်အခဲ	အန္တရာယ်ရှိမှု

၁	မြေဆီဩဇာအခြေအနေ	လတ်
၂	အပင်မျိုးစိတ်များ	**နိမ့်**
၃	ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	**နိမ့်**
၄	ရေအရင်းအမြစ်	**နိမ့်**
၅	ငါးမျိုးကွဲများ	-
၆	အခြားတိရိစ္ဆာန်မျိုးကွဲများ	-
၇	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	**နိမ့်**

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ သီးနှံစိုက်ခင်းများတွင် နှစ်စဉ် သီးနှံဖျက်ပိုးကျရောက်သော်လည်း ဖြေရှင်းနိုင်သည့် အခြေအနေတွင်ရှိပါသည်ကို လေ့လာတွေ့ရှိရပါသည်။

(ည) ကျား–မရေးရာ

ဇယား (၂၅) ကျား–မရေးရာ

စဉ်	ကျား-မရေးရာကိစ္စရပ်များ	ရှိ/မရှိ
၁	ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု	ရှိ
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု	ရှိ
၃	လွန်ခဲ့သောနှစ်အတွင်းကျေးရွာအတွင်းရှိမိန်းကလေးများ/ အမျိုးသမီးများအားသံသယဖြစ်ဖွယ်အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	မရှိ
၄	အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက်ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်လူထု၏အသိအမြင်ရှိမှု	မရှိ

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်သည်ကို တွေ့ရှိရပြီး သာရေးနာရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများအတွက် အကြမ်းဖက် မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။